**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**ဆဌမနေ့ အစည်းအဝေး အကျဉ်းချုပ်**

**၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်**

**(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)**

**[ သောကြာနေ့ ]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဌမနေ့ကို ၂၀၁၉ ခုနှစ်၊ **နိုဝင်ဘာလ ၂၂** ရက်နေ့ နံနက် ၁၀း၀၀ နာရီ အချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(က) နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သင်တန်းများအတွက် သင်တန်းသားများ ခေါ်ယူရာတွင် ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် မမျှမတဖြစ်ပေါ်နေမှုများကို စီမံကြပ်မတ်ဆောင်ရွက်ပေးရန်နှင့် ဖွံ့ဖြိုးမှုနည်းပါးသောတိုင်းရင်းသားဒေသများမှ ဦးစားပေးခေါ်ယူပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်မှ ကသင်တန်းသားရွေးချယ်ရေး ဗဟိုကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ စနစ်တကျဖွဲ့စည်းထားရှိ၍ သင်တန်းဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်များနှင့်အညီ သင်တန်းသား၊ သင်တန်းသူများ အချိုးကျ မျှမျှတတနှင့် ဒေသခံတိုင်းရင်းသားအားလုံးပါဝင်နိုင်ရေး စိစစ်ရွေးချယ်ခြင်းဖြင့် သင်တန်းများဝင်ခွင့် ရွေးချယ်ရေးကိစ္စရပ်များကို စနစ်တကျစီမံဆောင်ရွက်လျက်ရှိကြောင်း ကရင်ပြည်နယ်အစိုးရ၏ ဖြေကြားချက်အရ ရှင်းလင်းဖြေကြားသည်။

(ခ) ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ခေါဇာမြို့နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ပေါက်ပင်ကွင်းကျေးရွာတို့ ဆက်သွယ်သည့်လမ်းအား ပြည်နယ်နှင့် တိုင်းဒေသကြီး ဆက်သွယ်သည့် လမ်းအဖြစ်သတ်မှတ်၍ ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်

စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က မြေယာကိစ္စများ ရှင်းလင်းဆောင်ရွက်ပြီးစီးမှု အထောက်အထားများနှင့်တကွ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရမှတစ်ဆင့် သတ်မှတ်စီမံကိန်း အဆိုပြုလွှာပုံစံများဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနသို့ တင်ပြပေးရန် လိုအပ်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်အတွင်း ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီရှိ မြေလွတ်၊ မြေရိုင်း လုပ်ပိုင်ခွင့်ရရှိသောမြေပေါ်တွင် ယခုအချိန်ထိ ဆီအုန်းပင်များ စိုက်ပျိုးထားခြင်းမရှိသေးသော မြေယာများကို ပြန်လည်သိမ်းဆည်းပေးရန်နှင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လျှောက်ထား၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိပြီး စိုက်ပျိုးလုပ်ကိုင်နေသောတောင်သူများအား တရားစွဲဆိုနေခြင်းကို တည်ဆဲဥပဒေများနှင့်အညီ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က ကုမ္ပဏီမှ တရားစွဲဆိုမှုကြောင့် တရားရင်ဆိုင်ဖြေရှင်းရမှုကိစ္စတွင် သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်နှင့်အညီ ဆက်လက်စီမံဆောင်ရွက်သွားရမည်ဖြစ်ပြီး တရားစွဲဆိုမှုနှင့် ဆက်စပ်သည့် အငြင်းပွားမြေများနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေဖြစ်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ အထူးအဖွဲ့ဖြင့် စစ်ဆေးတွေ့ရှိချက် အပေါ်တွင် မူတည်ပြီး အဖြစ်မှန်ကို ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်အတွင်း ၂၀၁၈-၂၀၁၉ ခုနှစ် သဘာဝဘေးဒဏ်ကြောင့် သီးနှံများ ပျက်စီးမှုအပေါ် နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေမှ ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ပြန်လည်စိစစ်သုံးသပ်ရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က အမှန်တကယ်နစ်နာကြေး၊ လျော်ကြေးရထိုက်သူများကို စိစစ်ပြီးလျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စိစစ်အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်ပြီး ကွင်းဆင်းဝန်ထမ်းများ၊ သီးနှံဆိုင်ရာပညာရှင်များ၊ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ တောင်သူများ၏

ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် စီမံခန့်ခွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **ပြည်ပနိုင်ငံများမှ ပြည်တွင်းသို့ (မျိုးရိုးနိမ့်) ဝက်သားပေါက်များ တင်သွင်းလာမှုကို ရပ်ဆိုင်းပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က ပြည်ပမှ ဝက်အရှင် တင်သွင်းမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အတိုင်း (၂၀)ကီလိုဂရမ်နှင့်အောက် စီးပွားဖြစ် အသားတိုးဝက်ပေါက်များ တင်သွင်းမှုကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ရပ်ဆိုင်းပေးရန် အစီအစဉ်မရှိကြောင်း ရှင်းလင်းဖြေကြားသည်။

**အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊ အဆုံးအဖြတ် ရယူခြင်းနှင့် အဆို တင်သွင်းခြင်း**

၃။ ဒေါ်ကျိန်ဒိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) (ဥပဒေကြမ်းကော်မတီဝင်) က လယ်ယာမြေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းပြီး ဥက္ကဋ္ဌ က ယင်း ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော် က အတည်ပြုသည်။

၄။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းရာ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌ က ကြေညာသည်။

**အသိပေး တင်ပြခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၅။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ယင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

၆။ ရှောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း က **မြန်မာနိုင်ငံတွင် တစ်စတစ်စပြုန်းတီးလျက်ရှိသော ကြိုးဝိုင်း၊ ကြိုးပြင် တောများအပါအဝင် သစ်ပင်သစ်တောများ ပြန်လည်ရှင်သန် စိုပြည်လာစေရေးနှင့် သစ်ပင်သစ်တောများကို အခြေခံပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် World Bank, ADB, WWF စသည့်**

**နိုင်ငံတကာအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာ ကူညီထောက်ပံ့မှုများဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ သစ်တော ဝန်ထမ်းများ၏ စွမ်းဆောင်ရည် (Capacity)၊ လုပ်ငန်းစဉ်များ (Functions) နှင့် ကျင့်ဝတ်သိက္ခာ (Ethics)များ ပိုမိုအဆင့်အတန်း မြင့်မားလာစေရန် အထူး သင်တန်းများပေးပြီး အားပေးစည်းရုံး ပညာပေးသင်ကြားရန်နှင့် ၎င်းသစ်တောဝန်ထမ်းများ လိုအပ်လျက်ရှိသော ခေတ်မီလက်နက်ကိရိယာ Facilities and equipments များကို စနစ်တကျတပ်ဆင်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးသည်။

၇။ အစည်းအဝေးကို ၁၂:၁၂ နာရီ အချိန်တွင် ရပ်နားပြီး သတ္တမနေ့ အစည်းအဝေးကို ၂၅-၁၁-၂၀၁၉ ရက်နေ့ (တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**